# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

October 25, 2019 Volume 24, Number 16


**၂၅.၁၀.၂၀၁၉**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၅၀၄ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၂၂၁၀၀၀/- ကျပ် |
| ဒေါ်လာဈေး | = ၁၅၃၀/- ကျပ် |
| CBM Rate | = ၁၅၃၁.၄ /ကျပ် |
| ယူရို တစ်ယူရို | = ၁၇၀၂.၉ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၂၃.၆ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၆၅.၅ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၄၁၀.၃ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၄၆.၁ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၁၆.၅၉ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၅၉၀ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၃၀.၅၁ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၅.၈၄ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၀.၇၃၄ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.org
myantradetir2016@gmail.com


## မတ်ပဲတစ်တန်လျှင် ကျပ်နှစ်သိန်းခွဲခန့်ဈေးတက်လာ

ပြည်ပသို့ သဘော်တင်မည့် တန်ချိန်များပြားနေ၍ ပဲမျိုးစုံဈေးနှုန်းများ မြင့်တက်နေသလို မတ်ပဲတစ်တန်လျှင်လည်း ကျပ်နှစ်သိန်းခွဲခန့်ဈေးတက်လာကြောင်း ပဲကုန်သည်များထံမှသိရသည်။ ထို့ပြင် အိန္ဒိယအစိုးရက ကိုတာခွဲတမ်းကာလကို ထပ်မံသက်တမ်းတိုးရန်ရှိနေသဖြင့် ပြည်တွင်းပဲဈေးကွက် လှုပ်ခတ်လာခြင်းဖြစ်သည်။ ဘုရင့်နောင်ရှိ ဝင်းပွဲရုံပိုင်ရှင် ဦးရဲမြင့်က လောလောဆယ်တော့ မတ်ပဲအဝယ်လှုပ်နေတယ်။ ပဲစင်းငုံနဲ့ ပဲတီစိမ်းကတော့ ပုံမှန်ပါပဲ။ ရန်ကုန်ဈေးကွက်မှာတော့ တစ်ပတ်ကို တန်ချိန် ၈၀၀၀ လောက် အရောင်းအဝယ်ဖြစ်တယ်။ အခုမတ်ပဲဈေးကကောင်းလာတော့ ဈေးကွက်ထဲ အကြိုက်ဈေးရလာလို့လည်း ထုတ်ရောင်းလာကြတယ်ဟုပြောသည်။ လက်ရှိ ရန်ကုန်ပဲဈေးကွက်အတွင်း မတ်ပဲအဟောင်း တစ်တန်လျှင် ကန်ဒေါ်လာ ၅၀၀ မှ ၆၀၀ ကြား၊ အခွံချွတ်အလုံးခြမ်း တစ်တန်လျှင် ကန်ဒေါ်လာ ၈၃၀ မှ ၈၅၀ကြား၊ အခွံပါအခြမ်း တစ်တန်လျှင် ကန်ဒေါ်လာ ၇၂၅ မှ ၇၅၀ ကြား၊ ပဲတီစိမ်းအညာတစ်တန်လျှင် ကန်ဒေါ်လာ ၇၅၀ မှ ၈၀၀ ကြား၊ ပခုက္ကူတစ်တန်လျှင် ကန်ဒေါ်လာ ၇၈၀ မှ ၈၃၀ ကြား၊ ရွှေဝါအသေး တစ်တန်လျှင် ကန်ဒေါ်လာ ၈၅၀ မှ ၈၇၅ ကြား၊ ရွှေဝါအကြီး တစ်တန်လျှင် ကန်ဒေါ်လာ ၉၅၀ မှ ၁၀၀၀ ကြား၊ အခွံပါလုံးသေးအခြမ်း တစ်တန်လျှင် ကန်ဒေါ်လာ ပခုက္ကူ ၉၄၀ မှ ၁၀၂၀ ကြား၊ အခွံချွတ်အလုံးကြီး တစ်တန်လျှင် ကန်ဒေါ်လာ ၁၀၀၀ မှ ၁၀၉၀ ကြားအသီးသီး ဈေးရှိနေသည်။ ပဲစင်းငုံအဟောင်းအနီ တစ်တန်လျှင် ကန်ဒေါ်လာ ၆၃၀ မှ ၆၅၀ ကြား၊ အဖြူတစ်တန်လျှင် ကန်ဒေါ်လာ ၅၇၀ မှ ၅၉၀ကြား၊ ဖြူနီတစ်တန်လျှင် ကန်ဒေါ်လာ ၆၃၀မှ ၆၅၀ကြား အသီးသီးရှိနေသည်။ ကုလားပဲလုံးကြီးတစ်တန်လျှင် ကန်ဒေါ်လာ ၆၀၀ မှ ၆၃၀ ကြား၊ ပဲလွန်းဖြူတစ်တန်လျှင် ကန်ဒေါ်လာ ၅၀၀ မှ ၅၂၀ ကြား၊ မြေထောက်ပဲတစ်တန်လျှင် ကန်ဒေါ်လာ ၉၅၀ မှ ၉၈၀ ကြား၊ ပဲလွန်းနီတစ်တန်လျှင် ကန်ဒေါ်လာ ၅၀၀ မှ ၅၃၀ ကြား၊ ပဲ ထောပတ် တစ်တန်လျှင် ကန်ဒေါ်လာ ၈၂၅ မှ ၈၅၀ ကြား၊ ပဲယဉ်းတစ်တန်လျှင် ကန်ဒေါ်လာ ၅၅၀ မှ ၅၈၀ ကြားအသီးသီးရှိနေသည်။

၂၀၁၈-၁၉ ဘဏ္ဍာနှစ် ကုန်ဆုံးချိန်တွင် ပြည်ပသို့ ပဲမျိုးစုံတန်ချိန် ၁ ဒသမ ၆၄ သန်းကျော် ကန်ဒေါ်လာ တစ်ဘီလျံကျော်ရရှိထားပြီး ယခင်နှစ်ထက် တန်ချိန် သုံးသိန်းကျော် ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနထံမှ သိရသည်။ မတ်ပဲနဲ့ ပဲတီစိမ်းတန်ချိန် နှစ်သိန်းကျော် ပိုမိုတင်ပို့ထားတယ်။ ဈေးနှုန်းကတော့ ကျရင်ကျဈေး၊ တက်ရင်တက်ဈေး အတိုင်းပဲရတော့ ဈေးနှုန်းတည်ငြိမ်တယ် မပြောနိုင်ဘူးဟု အဆိုပါဝန်ကြီးဌာန တာဝန်ရှိသူတစ်ဦးကပြောသည်။ ယခင်နှစ်က ပဲမျိုးစုံတန်ချိန် ၁ ဒသမ ၃၂ သန်း ကျော်၊ တန်ဖိုး ကန်ဒေါ်လာ ၈၈၆ သန်းကျော် တင်ပို့ခဲ့ကြောင်း၊ ၂၀၁၈-၁၉ ဘဏ္ဍာနှစ်တွင် ပဲမျိုးစုံတန်ချိန် ၁ ဒသမ ၆၄ သန်းကျော်၊ ကန်ဒေါ်လာ တစ်ဘီလျံကျော်ရရှိထားခြင်းကြောင့် တန်ချိန်သုံးသိန်းကျော်၊ ကန်ဒေါ်လာ သန်း ၁၄၀ ကျော် ပိုမိုရရှိထားကြောင်းသိရသည်။ မြန်မာနိုင်ငံ ပဲမျိုးစုံနှင့်နှမ်းကုန်သည်များ အသင်းအတွင်းရေးမှူး ဦးမင်းကိုဦးက အဓိက အရေးကြီးဆုံးက ပဲလိုအပ်ချက်ရှိဖို့ပါပဲ။ ပဲက အိန္ဒိယတစ်ခုတည်းဝယ်တာ မဟုတ်တဲ့အတွက် တခြားနိုင်ငံတွေကတော့

အဝယ်ရှိနေဦးမှာပဲ။ ဒါပေမယ့် အိန္ဒိယကလည်း ထပ်ပြီးတော့ လိုအပ်ချက်ရှိလာခဲ့ရင်တော့ တခြားနည်းတွေနဲ့ ဝယ်တာလည်း မြင်ရဦးမှာပါဟုပြောသည်။ ယခင်ဘဏ္ဍာနှစ်က ပဲတီစိမ်းတန်ချိန် သုံးသိန်းခွဲကျော်၊ ကန်ဒေါ်လာ သန်း ၂၇၀ ကျော်ရရှိထားပြီး ၂၀၁၈-၁၉ ဘဏ္ဍာနှစ်တွင် တန်ချိန် ၄၇၀၀၀၀ ကျော်၊ ကန်ဒေါ်လာ သန်း ၃၄၀ ကျော် ရရှိခဲ့ခြင်းကြောင့် ယခင်နှစ်ထက် ကန်ဒေါ်လာ သန်း ၇၀ ကျော် ပိုမိုရရှိခဲ့သည်။ ၂၀၁၈-၁၉ ဘဏ္ဍာနှစ်တွင် ပဲစင်းငုံတန်ချိန် ၁၈၀၀၀၀ ကျော် တင်ပို့ထားကြောင်း၊ ထို့ကြောင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တင်ပို့မှုနှင့်နှိုင်းယှဉ်ပါက တန်ချိန် ၇၀၀၀၀ ကျော် လျော့နည်းရရှိထားကြောင်းသိရသည်။

ပဲစင်းငုံ ပြည်ပတင်ပို့မှု၏ ၉၁ ရာခိုင်နှုန်းကျော်နှင့် ပဲတီစိမ်းတင်ပို့မှု၏ ရှစ်ရာခိုင်နှုန်းသည် အိန္ဒိယနိုင်ငံသို့ တင်ပို့နေခြင်းဖြစ်သည်။ ၂၀၁၈-၁၉ ဘဏ္ဍာနှစ်တွင် ပဲတီစိမ်းတန်ချိန် ၄၇၀၀၀၀ ကျော်၊ မတ်ပဲတန်ချိန် ခြောက်သိန်းကျော်၊ ပဲစင်းငုံတန်ချိန် ၁၈၀၀၀၀ ကျော်၊ ကုလားပဲတန်ချိန် ၇၀၀၀၀ ကျော်၊ မြေပဲဆန်တန်ချိန် ၇၀၀၀၀ ကျော်၊ ပဲလွမ်းဖြူတန်ချိန် ၅၅၀၀၀ ကျော်၊ မြေထောက်ပဲတန်ချိန် ၂၇၀၀၀ ကျော်၊ ထောပတ်ပဲ တန်ချိန် ၂၄၀၀၀ ကျော်၊ ပဲယဉ်းတန်ချိန် ၂၄၀၀၀ ကျော်၊ ဗိုလ်ကိတ်ပဲတန်ချိန် ၁၃၀၀၀ ကျော်စသည်ဖြင့် အသီးသီးတင်ပို့ထားသည်။ မန္တလေးရှိ ဇရာမြေလပ်ပွဲရုံပိုင်ရှင်ဦးကျော်ခန့်က ဘဏ္ဍာနှစ်အလိုက် မြေထောက်ပဲတင်ပို့မှုနှုန်းက တက်လာတယ်။ မြေထောက်ပဲက လာမယ့်လတွေမှာစိုက်မှာဆိုတော့ ဈေးကွက်မှာ လက်ကျန်ပြတ်လာတာပေါ့။ ပြည်တွင်းထွက်ရှိနှုန်းနည်းလို့ ပြည်ပကို လိုသလောက်မပို့နိုင်သေးဘူးဟုပြောသည်။

**Source:** www.thefarmermedia.com

## ၂၀၂၀ Doing Business တွင် မြန်မာ့ညွှန်းကိန်းခြောက်ဆင့်တက်လာသော်လည်း အာဆီယံ၌အနိမ့်ဆုံးဖြစ်




ကမ္ဘာ့ဘဏ်က ထုတ်ပြန်သည့် ၂၀၂၀ စီးပွားရေးလုပ်ကိုင်ရလွယ်ကူမှု ညွှန်းကိန်း (Doing Business) အစီရင်ခံစာတွင် မြန်မာနိုင်ငံသည် ခြောက်ဆင့်မြင့်တက်လာသော်လည်း အာဆီယံ၌ ညွှန်းကိန်းအနိမ့်ဆုံး ဖြစ်ကြောင်းဖော်ပြထားသည်။ ၂၀၁၉ အစီရင်ခံစာတွင် မြန်မာနိုင်ငံက ညွှန်းကိန်းအဆင့် (၁၇၁) ၌ရှိပြီး ၂၀၂၀ တွင် အဆင့် (၁၆၅) သို့ မြင့်တက်လာသည်။ လာအိုနိုင်ငံက ညွှန်းကိန်းအဆင့် (၁၅၄)၊ ကမ္ဘောဒီးယားနိုင်ငံက အဆင့်(၁၄၄) ၌ ရှိနေသည်။ ကျန်နိုင်ငံများက အဆင့်များစွာကွာခြားပြီး ညွှန်းကိန်းအဆင့်(၁၀၀) အောက်တွင်သာရှိသည်။ ကမ္ဘာ့ဘဏ်၏ Doing Business စာရင်းတွင် ညွှန်းကိန်းမြင့်တက်ရေး စီးပွားရေးကဏ္ဍအပါအဝင် ပြုပြင်ပြောင်းလဲမှု အများဆုံးနိုင်ငံ ၂၀ ၌ မြန်မာနိုင်ငံပါဝင်ကြောင်း စက်တင်ဘာလကုန်တွင် ကမ္ဘာ့ဘဏ်က ထုတ်ပြန်ထားသည်။ နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးလုပ်သာကိုင်သာရှိမှုကို တိုင်းတာသည့် ညွှန်းကိန်းအစီရင်ခံစာတွင် နိုင်ငံ ၁၉၀ ပါဝင်ပြီး စီးပွားရေးလုပ်ကိုင်ရမှု အကောင်းဆုံး အဆင့် (၁) နယူးဇီလန်၊ အဆင့် (၂) စင်ကာပူနှင့် အဆင့် (၃) ဟောင်ကောင်တို့ဖြစ်သည်။

မြန်မာနိုင်ငံတွင် ဆောက်လုပ်ရေးလုပ်ငန်း အရည်အသွေးစစ်ဆေးမှုမြှင့်တင်နိုင်ခြင်း၊ ရေနှင့်သန့်ရှင်းရေး အခြေခံအဆောက်အအုံများမြှင့်တင်နိုင်ခြင်း၊ ဆောက်လုပ်ရေးခွင့်ပြုမိန့်များ ထိရောက်စွာချပေးနိုင်ခြင်းတို့ကြောင့် ညွှန်းကိန်း (၄၆) နေရာသို့ တက်လှမ်းနိုင်ခဲ့ကြောင်း မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘာ့ဘဏ်ရုံးက သတင်းထုတ်ပြန်သည်။ ထို့အပြင် စာချုပ်စာတမ်းအသက်ဝင်မှု စွမ်းဆောင်ရည်အကဲဖြတ်ရာတွင် အစီရင်ခံစာများ ထုတ်ဝေနိုင်ခြင်း၊ ကုမ္ပဏီများအား အွန်လိုင်းမှတစ်ဆင့် မှတ်ပုံတင်နိုင်ခြင်းတို့ မိတ်ဆက်ပေးနိုင်ခဲ့ခြင်းကိုလည်း အသိအမှတ်ပြုထားသည်။ ကမ္ဘာ့ဘဏ်သည် နိုင်ငံတကာဘဏ္ဍာရေး အဖွဲ့အစည်း တစ်ခုဖြစ်ပြီး ၎င်း၏ထုတ်ပြန်ချက်အပေါ် နိုင်ငံတကာစီးပွားရေး လုပ်ငန်းရှင်များက ယုံကြည်မှုရှိကြောင်း မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာမောင်မောင်လေးကပြောသည်။ ညွှန်းကိန်း တက်လာတာက နိုင်ငံအတွက် ဝမ်းသာစရာပါဟု ဒေါက်တာမောင်မောင်လေးကပြောသည်။ သို့သော် နိုင်ငံ ၁၉၀ တွင် မြန်မာနိုင်ငံ ရောက်ရှိနေသောအဆင့်ကို အားရမှုမရှိသေးကြောင်း ၎င်းကပြောသည်။

နိုင်ငံခြား စီးပွားရေးလုပ်ငန်းရှင်တစ်ဦး နိုင်ငံတစ်နိုင်ငံတွင် ရင်းနှီးမြှုပ်နှံမည်ဆိုလျှင် ဦးစွာလေ့လာသည့် ညွှန်းကိန်းများ၌ ကမ္ဘာ့ဘဏ်၏ Doing Business အစီရင်ခံစာက အဓိကပါဝင်သည်။ ထို့ကြောင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဖိတ်ခေါ်လိုသော နိုင်ငံများသည် ကမ္ဘာ့ဘဏ်၏ Doing Business ညွှန်းကိန်းမြင့်တက်ရန် အပြိုင်အဆိုင် ကြိုးစားနေကြကြောင်း စီးပွားရေးပညာရှင်အချို့ကပြောသည်။ ကမ္ဘာ့ဘဏ်က Doing Business အစီရင်ခံစာထုတ်ပြန်ရာတွင် စီးပွားရေးနှင့်သက်ဆိုင်သော အကြောင်းအရာ ၁၀ ခုဖြင့် တိုင်းတာသည်။ စီးပွားရေးလုပ်ငန်းများ စတင်ခြင်းအဆင့်က (၁၅၂) မှ (၇၀) သို့ မြင့်တက်လာသည်။ ထို့အတူ အဆောက်အအုံဆောက်လုပ်ခွင့်ရယူခြင်းတွင် အဆင့် (၈၁) မှ (၄၆) သို့ မြင့်တက်လာသည်။ သို့သော် ကျန်အကြောင်း အရာ ရှစ်ခုသည် ညွှန်းကိန်းအဆင့် အနည်းငယ်သာ အပြောင်းအလဲရှိခဲ့သည်။ စီးပွားစတင်လုပ်ကိုင်ခြင်း အဆင့်သတ်မှတ်ချက် နှင့်

သက်ဆိုင်သည့် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမင်းဇော်ဦးက မျှော်မှန်းသလောက် မဖြစ်လာပေမယ့် အဆင့်တက်လာတော့ ပျော်တာပေါ့ဟုပြောသည်။

ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနသည် ကုမ္ပဏီများလွယ်ကူစွာ အွန်လိုင်းမှမှတ်ပုံတင်နိုင်ခြင်း၊ ကုမ္ပဏီမှတ်ပုံတင်ကြေးများလျှော့ချခြင်းအပါအဝင် စီးပွားရေးစတင်လုပ်ကိုင်ခြင်းအဆင့်ကို လွယ်ကူစေရန်ပြောင်းလဲခဲ့သည်။ ထို့ကြောင့် Doing Business စာရင်းတွင် အဆင့်(၅၀)အထိရရှိမည်ဟုမျှော်မှန်းထားကြောင်း ဦးမင်းဇော်ဦးကပြောသည်။ DICA က သူ့ရဲကောင်းဝန်ထမ်းတွေကို ဂုဏ်ပြုလိုက်ပါတယ်ဟု ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးအောင်နိုင်ဦးက ၎င်း၏ဖေ့စ်ဘွတ်ခ်တွင် ရေးသားထားသည်။

**Source:** https://www.7daydaily.com/၂၀၂၀-Doing-Business-

## မကွေးတိုင်းဒေသကြီးအတွင်း ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် တစ်နှစ်လုံး ကျောက်မီးသွေးသယ်ဆောင်ခွင့်မှ တိုင်းဒေသကြီးရန်ပုံငွေ ကျပ်သိန်း ၂၆၀၀ ကျော်ရရှိ



မကွေးတိုင်းဒေသကြီးအတွင်းရှိ ကျောက်မီးသွေးသတ္တုတူးဖော်ရေးလုပ်ကွက်များမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (၂၀၁၈ ခုနှစ် အောက်တိုဘာလမှ ၂၀၁၉ ခုနှစ် စက်တင်ဘာလအထိ) တစ်နှစ်လုံး ကျောက်မီးသွေးသယ်ဆောင်ခွင့်မှ တိုင်းဒေသကြီးရန်ပုံငွေ ကျပ်သိန်း ၂၆၀၀ ကျော်အထိ ရရှိခဲ့ကြောင်း မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ သယံဇာတ၊ သဘာဝ ပတ်ဝန်းကျင်၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဦးမြင့်ဇော်ထံမှသိရသည်။ မကွေးတိုင်းဒေသကြီးအတွင်း ကျောက်မီးသွေးသတ္တုထုတ်ယူဖို့အတွက် ဒေသဆိုင်ရာကျွန်တော်တို့ အစိုးရအဖွဲ့မှ သဘောထား မှတ်ချက်ပေးထားပါတယ်။ သတ္တုထုတ်ယူခွင့် တင်ပြလာတဲ့ဒေသမှာ သစ်တောထူထပ်တာတွေ၊ သစ်တောဖုံးလွှမ်းနေတာတွေရှိတဲ့အတွက် သတ္တုနဲ့ရေနံစတဲ့ သယံဇာတတွေ မတူးဖော်သင့်ဘူးဆိုတဲ့ သဘောထားမှတ်ချက်ကိုတော့ သက်ဆိုင်ရာဌာနတွေကို စစ်ဆေးခိုင်းပြီး သဘာထားမှတ်ချက်ပေးရတယ်။ အခုလက်ရှိ မကွေးတိုင်းဒေသကြီးအတွင်း ကျောက်မီးသွေးတူးဖော်တဲ့လုပ်ငန်း အကြီးစားသုံးခုနဲ့ အသေးစားတူးဖော်တဲ့လုပ်ငန်း ၃၁ ခုကို ခွင့်ပြုထားပါတယ်ဟု ဝန်ကြီးဦးမြင့်ဇော်ကပြောဆိုသည်။

တိုင်းဒေသကြီးအတွင်းရှိ ကျောက်မီးသွေး တူးဖော်ခွင့်၊ ထုတ်ယူသယ်ဆောင်ခွင့် ရရှိသည့် ကုမ္ပဏီများအား သယ်ဆောင်ခွင့် (မျော) တစ်တန်အတွက် ကျပ် ၃,၀၀၀ ကောက်ခံခဲ့ရာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (၂၀၁၈ ခုနှစ် အောက်တိုဘာလမှ ၂၀၁၉ ခုနှစ် စက်တင်ဘာလအထိ) ကျောက်မီးသွေးတန် ၈၉၉၈၈၀ သယ်ဆောင်ခွင့်အတွက် ရန်ပုံငွေကျပ် ၂၆၉,၉၆၄၀,၀၀၀ ကောက်ခံရရှိခဲ့ကြောင်းကို ၎င်းကဆက်လက်ပြောဆိုသည်။ မကွေးတိုင်းဒေသကြီးအတွင်း ကျောက်မီးသွေးတူးဖော်ထုတ်လုပ်နေသည့် ကုမ္ပဏီများမှထွက်ရှိသော ကျောက်မီးသွေးကို နယ်ကျော်သယ်ဆောင်ရောင်းချခွင့် ပြုထားသော်လည်း သတ်မှတ်ထားသည့် အခွန်ငွေကို မြန်မာ့စီးပွားရေးဘဏ်သို့ ကိုယ်တိုင် ငွေသွင်းချလန်ဖြတ်ကာ ပေးသွင်းရကြောင်း သိရသည်။

**Source:** https://myanmar.mmtimes.com/news/130032.html

## မြန်မာနိုင်ငံမှာ စက်ရုံထူထောင်မယ့် ထိုင်းရဲ့ TCP

ထိုင်းအခြေစိုက် TOA-Chugoku Paints (TCP) က ယခုအခါ မြန်မာနိုင်ငံမှာ ယင်းရဲ့ပထမဆုံးသော နိုင်ငံရပ်ခြား (သုတ်ဆေး၊ မှုတ်ဆေး) စက်ရုံတစ်ရုံတည်ဆောက်ဖို့အတွက် ဘတ်ငွေ သန်း ၅၀၀ လျာထားသတ်မှတ်ပြီး စီစဉ်လုပ်ဆောင်နေကြောင်းသိရပါတယ်။ ဒါဟာ TCP အနေနဲ့ အရှယ်အစားကြီး ပရောဂျက်တွေဆီကနေ ဝယ်လိုအားတွေကို ဖမ်းဆုပ်နိုင်ဖို့အတွက် ရည်ရွယ်လုပ်ဆောင်လာတာလည်းဖြစ်ပါတယ်။ TCP ရဲ့ စက်ရုံသစ်မှာတော့ heavy-duty coating နဲ့ marine paint ထုတ်ကုန်နှစ်မျိုးကို ထုတ်လုပ်သွားမှာဖြစ်ပြီး တစ်လလျှင် ထုတ်လုပ်မှုတန်ချိန် ၃၀၀ ခန့်ရှိမယ်လို့သိရပါတယ်။ အဆိုပါ စီမံကိန်းကတော့ သီလဝါအထူးစီးပွားရေးဇုန်ထဲမှာ အခြေစိုက်လုပ်ကိုင်မှာဖြစ်ပါတယ်။ ယင်း စက်ရုံကို လာမယ့် ၂၀၂၀ ဧပြီလမှာ စတင်လည်ပတ်သွားဖို့ အစီအစဉ်ဆွဲထားပါတယ်။ TCP အနေနဲ့ စက်ရုံလည်ပတ်ဖို့အတွက် မြန်မာနိုင်ငံမှာ Chugoku-TOA Paints Myanmar ဆိုတဲ့ ပြည်တွင်းလုပ်ငန်းသစ်တစ်ခုကို ထူထောင်ထားတယ်လို့သိရပါတယ်။

**Source: SFJ Strategy First Journal**

https://www.facebook.com/SFJWeekly/posts/2746209145466360?__tn__=K-R

## ကသာမြို့တွင် ပုရစ်ဈေးကွက် ဈေးကျဆင်းလာသော်လည်း အဝယ်လိုက်မှုနည်းပါး



ကသာမြို့နယ်မှထွက်ရှိသောပုရစ်များ မြို့ပေါ်ဈေးကွက်တွင် ကျပ် ၆၀၀၀ ဈေးသို့ ကျဆင်းလာသော်လည်း စားသုံးသူအဝယ်လိုက်မှု နည်းပါးလျက်ရှိသည်။ ကသာမြို့နယ်ကျေးရွာအသီးသီးမှ စားဝတ်နေရေးအခြေပြု၍ ပုရစ်ဖမ်းဆီး ရရှိရေး အတွက် ကျေးရွာအများစု လျှပ်စစ်မီးလင်းရေး မီးစက်အကူဖြင့် ပုရစ်ထောင် ဖမ်းဆီးရာ မြို့နယ်များသို့ ဖြန့်ချိရောင်းချသူများ အဝယ်လိုက်ကြသဖြင့် ပေါ်စ၌ ပုရစ်အကောင် ၁၀၀ လျှင် ကျပ် ၁၀၀၀၀ ဈေး ရောင်းချရလျက်ရှိပြီး ပုရစ်ဖမ်းဆီးသူ ဦးရေ များပြားလာရာ ပုရစ်အဖို၊ အမရောရာ ကျပ် ၆၀၀၀ ဥပါရှိသော အမအကောင် ၁၀၀ လျှင် ကျပ် ၆၀၀၀၊ အဖိုသီးသန့် ကျပ် ၅၀၀၀ ဈေးကျဆင်းလာသော်လည်း စားသုံးသူကိုယ်တိုင် ဝယ်ယူနိုင်ခြင်းမရှိကြောင်း ပုရစ်ရောင်းသူများထံမှသိရသည်။

ပုရစ်ဖမ်းဆီးသူများ အလင်းရောင်ပေးရေး လိုအပ်သောလျှပ်စစ်ပစ္စည်း အသုံးအဆောင်များ ဝယ်ယူရင်းနှီးလုပ်ကိုင်သူ၊ ကျေးရွာများတွင် များပြားလျက်ရှိသဖြင့် မြို့နယ်များသို့တင်ပို့ရောင်းချနိုင်ရေး ရေခဲရိုက်ကာ ဈေးပြိုင်ဝယ်ကြလျက်ရှိရာ ရန်ကုန်၊ မန္တလေး၊ မြစ်ကြီးနားပွဲရုံလုပ်ငန်းရှင်များ၊ ဖြန့်ချိရောင်းချသူများ အဝယ်လိုက်လျက်ရှိသဖြင့် စားသုံးသူတိုင်း ဝယ်ယူ စားသုံးနိုင်မှုမရှိသေးကြောင်းသိရသည်။

**Source:** https://myanmar.mmtimes.com/news/130026.html

## မော်ကျွန်းတွင် ကျေးရွာလုံးကျွတ် သင်ဖြူးဖျာရက်လုပ်၊ မိသားစုဝင်ငွေတိုးလုပ်ငန်းအဖြစ်လုပ်ကိုင်



ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် ကျွဲခြံ ရေကျော်ကျေးရွာအုပ်စု ဆီးဖြူကျေးရွာနှင့် ရေကျော် ကျေးရွာ များတွင် မိရိုးဖလာ မြန်မာ့သင်ဖြူးဖျာရက်လုပ်ငန်းများကို မိသားစုဝင်ငွေတိုးလုပ်ငန်းအဖြစ် ကျေးရွာလုံးကျွတ် လုပ်ကိုင် လျက်ရှိနေကြသည်။ မြန်မာ့သင်ဖြူးဖျာ ရက်လုပ်ငန်းကို မော်လမြိုင်ကျွန်းမြို့နယ် ဆီးဖြူကျေးရွာမှာ ၅၈ အိမ်နဲ့ ရေကျော် ကျေးရွာမှာ ၅၅ အိမ် ကျေးရွာလုံးကျွတ်အဖြစ် သင်ဖြူးဖျာရက် လုပ်ငန်းဆောင်ရွက်လျက်ရှိရာ ရောင်းတမ်းဝင် သင်ဖြူးဖျာ တစ်ချပ်ပြီးစီးရန် သင်ဝယ်ခြင်း၊ သင်ရေစိမ်ခြင်း၊ သင်စိတ်ခြင်း၊ သင်နှစ်ခြင်း၊ သင်ကူးခြင်း၊ သင်ဖြူးဖျာ အကြမ်းရက်ခြင်း၊ ဆေးရောင်သွင်းခြင်း၊ သင်ဖြူးဖျာချုပ်ခြင်း လုပ်ငန်းအဆင့်ဆင့်ကို တစ်အိမ်လုံးရှိ မိသားစုဝင်တွေ တာဝန်ခွဲဝေယူကာ သုံးရက်မှငါးရက်အထိ သင်ဖြူးဖျာရက် လုပ်ငန်းခွင်ဝင်ကြရတယ်ဟု ဒေသခံ တောင်သူဦးမျိုးနိုင်နှင့်ဦးမာဃတို့က ရှင်းလင်းပြောဆိုသည်။

ရောင်းတမ်းဝင် သင်ဖြူးဖျာ သုံးတောင့်ထွာတစ်ချပ်လျှင် ဒေသပေါက်ဈေး ကျပ် ၁၀၀၀၀၊ လေးတောင်တစ်ချပ်လျှင် ကျပ် ၁၂၀၀၀၊ ငါးတောင်တစ်ချပ်လျှင်ကျပ် ၂၀၀၀၀ ဖြင့် မော်လမြိုင်ကျွန်း၊ ဘိုကလေးမြို့များနှင့် မြို့နယ်အတွင်းရှိ ကျေးရွာကြီး များသို့ တင်ပို့ရောင်းချကြရပြီး တစ်လလျှင် ကျပ်တစ်သိန်းမှ ကျပ်တစ်သိန်းခွဲအထိ မိသားစုဝင်ငွေရရှိကြသည်။ အဆိုပါ မြန်မာ့သင်ဖြူးဖျာရက်လုပ်ငန်းမှာ မော်လမြိုင်ကျွန်းမြို့နယ်တွင် မိသားစုဝင်ငွေရလုပ်ငန်းအဖြစ် အောင်မြင်စွာလုပ်ကိုင်လျက် ရှိပြီး မြို့နယ်အတွင်းရှိ ကညင်ချောင်းကြီး၊ ကျွဲခြံရေကျော်၊ ကျွဲခြံ၀၊ လပွတ္တာလုတ်ကြီးနှင့် လပွတ္တာလုတ်ကလေး ကျေးရွာများ၌ လည်း လုပ်ကိုင်လျက်ရှိသည်။

**Source:** https://myanmar.mmtimes.com/news/130039.html

## အာရှနိုင်ငံတွေရဲ့ စီးပွားရေးတိုးတက်မှုမျှော်မှန်းထားတာထက် ပိုနှေးမည်ဟု IMF ခန့်မှန်း

အာရှဒေသတစ်ဝန်း စီးပွားရေးတိုးတက်မှုကတော့ မျှော်မှန်းထားတာထက် ပိုမိုနှေးကွေးဖို့ရှိနေကြောင်း နိုင်ငံတကာငွေကြေး ရန်ပုံငွေအဖွဲ့ IMFရဲ့ ယခုနောက်ဆုံး ထုတ်ပြန်လိုက်တဲ့ ခန့်မှန်းချက်တွေအရ သိရပါတယ်။ အာရှစီးပွားရေးတိုးတက်မှုဟာ ၂၀၁၉ ခုနှစ်မှာ ၅ ရာခိုင်နှုန်းနဲ့ ၂၀၂၀ မှာ ၅ ဒသမ ၁ ရာခိုင်နှုန်းတို့နဲ့ အသင့်အတင့်သာ တိုးတက်နိုင်တယ်ဆိုပြီး IMF က အောက်တိုဘာ ၂၃ ရက်မှာထုတ်ပြန်တဲ့ ယင်းရဲ့ဒေသဆိုင်ရာစီးပွားရေးအလားအလာအစီရင်ခံစာမှာဖော်ပြထားပါတယ်။ ယင်းနှုန်းထားတွေကတော့ ပြီးခဲ့တဲ့ ဧပြီလတုန်းက ခန့်မှန်း ထားခဲ့တဲ့နှုန်းထားတွေနဲ့ ယှဉ်ပါက ဝ ဒသမ ၄ ရာခိုင်နှုန်း၊ ဝ ဒသမ ၃ ရာခိုင်နှုန်းစီနဲ့ နည်းပါးနေတာဖြစ်ပါတယ်။

တရုတ်စီးပွားရေး ပိုမိုမြန်ဆန်စွာနှေးကွေးနေမှု၊ ဂျပန်နဲ့တောင်ကိုရီးယား အကြား ဆက်ဆံရေးလိုမျိုး ဒေသတွင်းဆိုင်ရာ တင်းမာမှုတွေရှိနေမှု၊ ပထဝီနိုင်ငံရေးဆိုင်ရာ တင်းမာမှုတွေ မြင့်တက်နေမှုတို့လို အခြေအနေတွေကြောင့် ယခုလို အာရှဒေသတွင် စီးပွားရေးတိုးတက်မှုနှေးကွေးမှုကို ဖန်တီးနေလျက်ရှိတယ်လို့သိရပါတယ်။ အာရှဒေသနိုင်ငံတစ်နိုင်ငံဖြစ်တဲ့ စင်ကာပူစီးပွားရေးဆိုရင်လည်း ယခုနှစ် ဝ ဒသမ ၅ ရာခိုင်နှုန်း၊ လာမယ့် ၂၀၂၀ မှာ ၁ ရာခိုင်နှုန်းသာ တိုးတက်နိုင်တယ်လို့ IMF က ခန့်မှန်းသွားပြီးယင်းကတော့ ယခင်ခန့်မှန်းချက်တွေဖြစ်တဲ့ ၁ ဒသမ ၈ ရာခိုင်နှုန်း၊ ၁ ဒသမ ၄ ရာခိုင်နှုန်းတို့ထက် နည်းပါးနေလျက် ရှိပါတယ်။

**Source: SFJ Strategy First Journal**

https://www.cnbc.com/.../growth-in-hong-kong-south-korea-sing...

## ကားသစ်တွေအရောင်းအဝယ်ပိုလာပေမဲ့ တစ်ပတ်ရစ်ကားတွေက ဈေးကွက်ဦးဆောင်နေဆဲ



အခုတစ်ပတ် ကားဈေးကွက်အတွင်း သွားပါဘူးလို့ ဆိုတယ်။ နယ်အဝယ်ဆင်း အခုရက်ပိုင်းမှာ ရန်ကုန်ဝယ်လက်တွေ ပုံမှန်ရှိနေသလိုနယ်အဝယ်တွေပါ အဆင်းများ လာတဲ့အတွက် နယ်လိုင်စင်တစ်ပတ်ရစ်ကားတွေပါ အရောင်းအဝယ်ဖြစ်ပါတယ်။ အထူးသဖြင့် ပွိုင့်သရီးနဲ့ ၆၆၀ စီစီကားလေးတွေ အရောင်းအဝယ်ဖြစ်သလို အင်ဂျင်ပါဝါကြီးတဲ့ကားတွေပါ အဝယ်လိုက်နေပါ တယ်။

ပွိုင့်သရီးထဲက ဟွန်ဒါဖစ်၊ ဟွန်ဒါအင်ဆိုက်၊ တိုယိုတာဗစ်ဇ်၊ တိုယိုတာရက်တစ်စ်နဲ့ မာဇဒါဒီမီယိုတို့လို ကားမျိုးတွေ အဝယ်များပြီး အင်ဂျင်ပါဝါမြင့်တဲ့အထဲက အယ်လ်ဖတ်၊ ဟာရီယာ၊ ကလူဂါ၊ ဘင်ဂတ်နဲ့ လန်ခရုဇာလိုကားမျိုးတွေအမေးများပါတယ်။ နယ်ဝယ်လက်တွေအနေနဲ့ နံပါတ်နိမ့်ဖိုးဝိုး ကားတွေထဲကနေ ကားကောင်းတာ ရှာဝယ်ကြတာများလာပါတယ်။ တစ်ပတ်ရစ်ကားတွေ အရောင်းအဝယ်ဖြစ်နေဆဲဖြစ်ပေမဲ့ ကားကောင်းကားသန့်ရဖို့ အင်မတန်ခက်ခဲ လာပါတယ်။ အဲဒါကြောင့် တချို့ဝယ်လက်တွေက ပြည်တွင်းမှာ တပ်ဆင်ထုတ်လုပ်တဲ့ SKD ကားတွေဘက် လှည့်လာကြပါတယ်။ ဟွန်ဒါဖစ် ၂၀၀၈ မော်ဒယ်ကို ကျပ် ၁၈၅ သိန်း၊ တိုယိုတာဗစ်ဇ် ၂၀၁၁ မော်ဒယ် ကို ကျပ် ၁၈၅သိန်း၊ မာဇဒါဒီမီယို ၂၀၀၈မော်ဒယ်ကို ကျပ် ၁၆၅ သိန်းနဲ့ ပရိုဘောက် ၂၀၀၈ မော်ဒယ်လ် ကို ကျပ်သိန်း ၁၈၀ ဝန်းကျင်ရှိပါတယ်။ တိုယိုတာ အယ်လ်ဖတ် ၂၀၀၂ မော်ဒယ် “3D ” နံပါတ်ကို ကျပ်၄၁၅သိန်း၊ တိုယိုတာဝှစ်ရှ် ၂၀၀၃ မော်ဒယ် “1J” နံပါတ်ကို ကျပ် ၂၄၅ သိန်း၊ တိုယိုတာ ဘင်ဂတ် ၂၀၁၁ မော်ဒယ်ကို ကျပ် ၆၇၅ သိန်းနဲ့ တိုယိုတာ ကလူဂါ ၂၀၀၃ မော်ဒယ်ကို ကျပ် ၄၃၀ ရှိပါတယ်။

ကားသစ်တွေ ကျပ်သိန်း ၃၀ ဝန်းကျင်လောက် ဈေးသက်သာသွားတာကြောင့် နံပါတ်ထွက်ပြီးသား တစ်ပတ်ရစ်ကားတွေပါ ဈေးကျဆင်းသွားမလား စောင့်ကြည့်တာတွေရှိခဲ့ပါတယ်။ ဒါပေမဲ့ တစ်ပတ်ရစ် ညာမောင်းကားတွေက တင်သွင်းခွင့်မရှိတော့တဲ့အတွက် ပိုမိုရှားပါးလာတာကြောင့် ဈေးကျဆင်းသွားတာမျိုး မရှိပါဘူး။ သီတင်းကျွတ် ပြီးနောက်ပိုင်းမှာ နယ်ဝယ်လက်တွေ ပိုအဆင်းများလာတဲ့အတွက် ကားသစ်ရော ကားဟောင်းပါ အရောင်းအဝယ် ပိုများလာပါတယ်။ ကျပ်သိန်း ၁၄၀ အထက်အထိ မြင့်တက်ခဲ့တဲ့ စလစ်ဈေးဟာ ဖောက်စွပ်/ဖြတ်ဆက်ကားတွေကို သံရည်ကျိုအပ်နှံခွင့်ပြုပြီး လူစီးစလစ်ထုတ်ပေးခဲ့တာကြောင့် စလစ်ဈေးနှုန်းတွေ ဆက်လက်ကျဆင်းပါတယ်။ ရန်ကုန်လိုင်စင်သက်တမ်း နှစ် ၂၀ အမည်ပေါက် စလစ်ရဲ့ဈေးနှုန်းဟာ ကျပ်သိန်း ၁၂၀ နဲ့ ၁၂၅ သိန်းကြား အရောင်းအဝယ်ဖြစ်ပါတယ်။

**Source:** https://www.kumudranews.com/news

## နိုင်ငံတကာဆန်ဈေးကွက်ရှာဖွေရေးအတွက် တရုတ်၊ ဖိလစ်ပိုင်နှင့် အာဖရိကနိုင်ငံများသို့ နိုဝင်ဘာနှင့် ဒီဇင်ဘာလအတွင်း ဈေးကွက်ရှာဖွေရေးအဖွဲ့များ သွားရောက်ရန်စီစဉ်

နိုင်ငံတကာဆန်ဈေးကွက် ရှာဖွေရေးအတွက် တရုတ်၊ ဖိလစ်ပိုင်နှင့် အာဖရိကနိုင်ငံများသို့ နိုဝင်ဘာနှင့် ဒီဇင်ဘာလများအတွင်း ဈေးကွက်ရှာဖွေရေးအဖွဲ့များသွားရောက်ရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါး အသင်းချုပ်မှ သိရသည်။ အောက်တိုဘာ ၂၂ ရက်တွင်ပြုလုပ်သည့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် စီမံခန့်ခွဲမှုကော်မတီ၊ ဗဟိုအလုပ်အမှုဆောင် ကော်မတီတို့၏ ပူးတွဲအစည်းအဝေးတွင် စီစဉ်ဆောင်ရွက်ရန် ဆွေးနွေးခဲ့ခြင်းဖြစ်သည်။ အဆိုပါအစည်းအဝေးတွင် ပြည်ပနိုင်ငံများသို့ International Marketing ဆန်ဈေးကွက် ရှာဖွေရေးအတွက် တရုတ်ပြည်သူ့ သမ္မတနိုင်ငံသို့လည်းကောင်း၊ ဖိလစ်ပိုင်နိုင်ငံသို့လည်းကောင်း၊ အာဖရိကနိုင်ငံများသို့လည်းကောင်း နိုဝင်ဘာ၊ ဒီဇင်ဘာများအတွင်း အဖွဲ့များခွဲ၍ သွားရောက်ရေးကို စီစဉ်ဆောင်ရွက်ဆွေးနွေးခဲ့ခြင်းဖြစ်သည်။

၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ်ဖြစ်သည့် ၂၀၁၈ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၂၀၁၉ ခုနှစ် စက်တင်ဘာ ၃၀ ရက်အထိ ပြည်ပသို့ ဆန်နှင့်ဆန်ကွဲ စုစုပေါင်းတန်ချိန် ၂ ဒသမ ၃၅၅ သန်းတင်ပို့မှုမှ ဝင်ငွေဒေါ်လာ ၇၀၉ ဒသမ ၆၉၃ သန်း ရရှိထားကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ ထုတ်ပြန်ထားသည်။ ယင်းကဲ့သို့ တင်ပို့ခဲ့ရာတွင် နိုင်ငံပေါင်း ၆၅ နိုင်ငံသို့ ဆန်တန်ချိန် ၁ ဒသမ ၈၃၆ သန်း ကျော်တင်ပို့မှုမှ ဝင်ငွေအမေရိကန်ဒေါ်လာ သန်း ၅၇၀ ကျော်ရရှိခဲ့သည်။ နိုင်ငံပေါင်း ၄၁ နိုင်ငံသို့ ဆန်ကွဲတန်ချိန် ငါးသိန်းကျော်တင်ပို့မှုမှ ဝင်ငွေအမေရိကန်ဒေါ်လာ ၁၃၇ သန်းကျော် ရရှိခဲ့ခြင်းဖြစ်သည်။ သို့သော်လည်း ပြီးခဲ့သည် ၂၀၁၇ –၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ဈေးကွက်သစ်များ တိုးချဲ့တင်ပို့နိုင်ခြင်းကြောင့် ပြည်ပသို့ မြန်မာ့ဆန်နှင့်ဆန်ကွဲ တန်ချိန် ၃ ဒသမ ၆ သန်းနီးပါး တင်ပို့နိုင်ခဲ့ပြီး နှစ်ပေါင်း ၅၀ ကျော်အတွင်း စံချိန်တင် တင်ပို့နိုင်ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ၂၀၁၈ –၂၀၁၉ ဘဏ္ဍာနှစ်တွင် ပြည်ပသို့ဆန်နှင့်ဆန်ကွဲတင်ပို့မှုသည် ၂၀၁၇ –၂၀၁၈ ခုနှစ်နှိုင်းယှဉ်ပါက တင်ပို့မှု တန်ချိန် ၁ ဒသမ ၂ သန်းကျော်အထိ လျော့ကျခဲ့ကြောင်းသိရသည်။

မြန်မာနိုင်ငံမှဆန်ကို ပြည်ပတင်ပို့ရာ၌ ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ အီးယူဈေးကွက်၊ အာဖရိကဈေးကွက်သို့ တင်ပို့လျက်ရှိပြီး မူဆယ်နယ်စပ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ အဓိကတင်ပို့နေခြင်းဖြစ်သည်။ ၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ်အတွင်း အဓိက ဆန်တင်ပို့မှုဈေးကွက်ဖြစ်သည့် တရုတ်နှင့်အီးယူနိုင်ငံတို့မှ ဝယ်ယူမှုကျဆင်းခဲ့သဖြင့် ယခင်နှစ်များထက် ဆန်တင်ပို့မှု လျော့ကျခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ ၂၀၁၉ ခုနှစ် နွေစပါးပေါ်ချိန်တွင် စပါးဈေးကျဆင်းနေခြင်းနှင့် တောင်သူများ အခက်အခဲဖြစ်နေခြင်းကိစ္စရပ်များနှင့်ပတ်သက်ပြီး မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်အနေဖြင့် ဆောင်ရွက်သင့်သောကိစ္စရပ်များကို ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် သိုလှောင်ရုံအခက်အခဲ၊ အဆင့်အတန်းရှိသည့် စပါးများ အခြောက်ခံရန်အခက်အခဲ၊ သယ်ယူပို့ဆောင်ရေးယာဉ် အခက်အခဲများရှိနေသဖြင့် လုပ်ငန်းတွင်ကျယ်မှု အားနည်းမှုများကို တွေ့ရှိရကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ မေလ ၁၈ ရက်က ထုတ်ပြန်ထားသည်။ ထို့ပြင် မြန်မာ့ဆန်စပါးကဏ္ဍသည် နယ်စပ်မှအရောင်းအဝယ်အလွန်နည်းခြင်းနှင့် ပြည်ပတင်ပို့မှုကျဆင်းနေကြောင်း၊ ယခုအခြေအနေသည် ပုဂ္ဂလိကသက်သက်ဖြင့်သာ ဆောင်ရွက်နိုင်ခြင်းမရှိကြောင်း ထုတ်ပြန်ထားသည်။

**Source:** https://news-eleven.com/article/141869

## မိုးထောင်ငရုတ်သီးအစို ယခင်နှစ်ကထက် ဈေးနှုန်း နှစ်ဆရရှိ

မင်းဘူးမြို့နယ်တွင် ယခုနှစ်၌ မိုးထောင်ငရုတ်သီးအစို ဆွတ်ခူးရောင်းရချိန်တွင် ယခင်နှစ်ကထက် ဈေးနှုန်းနှစ်ဆရရှိကြောင်း စိုက်ပျိုးသူများကပြောသည်။ မင်းဘူးမြို့နယ်ရှိ ကျောက်တန်း၊ ရေမြက်၊ ပေါက်ပင်တွင်း၊ ရေတွင်းကုန်း ကျေးရွာများမှ ထွက်ရှိသော ငရုတ်သီးအစိုများကို မင်းဘူးဈေးနှင့် မကွေးမြို့ပေါ်ရှိ မြို့မဈေး၊ ကန်သာဈေး၊ ရန်ပယ်ဈေးများတွင် ရောင်းချနေခြင်းဖြစ်သည်။ ယခင်နှစ် စက်တင်ဘာလနှင့် အောက်တိုဘာလတွင် မိုးထောင်ငရုတ်စို တစ်ပိဿာလျှင် ၃၅၀ ကျပ်မှ ၆၀၀ ကျပ်အထိသာ ရောင်းချရပြီး ယခုနှစ်ကာလတူ၌ တစ်ပိဿာ ၆၅၀ ကျပ်မှ စတင်ရောင်းရပြီး လက်ရှိတွင် ၁၂၀၀ ကျပ်အထိ လက္ကားရောင်းချရကြောင်း ရေတွင်းကုန်းကျေးရွာမှ ငရုတ်စိုက်တောင်သူ ကိုဇော်ထူးကပြောသည်။ မနှစ်က မိုးထောင်ငရုတ်ဈေးက ခြောက်တဲ့အထိ ဈေးမရဘူး။ အခုနှစ်က မနှစ်ကထက် ဈေးပိုရတယ်။ ဆောင်းငရုတ်ကတော့ အခုမှစိုက်ပြီး ပေါင်းထိုးကြတယ်ဟု ၄င်းကပြောသည်။

မင်းဘူး ၊ စကုမြို့နယ်အတွင်း ၂၀၁၇–၂၀၁၈ ဘဏ္ဍာနှစ်က ငရုတ်စိုက်ဧက ၁၂၀ စိုက်ပျိုး ခဲ့ပြီး ယခုနှစ်တွင် ဧက ၁၄၀ ခန့်အထိ စိုက်ပျိုးထားကြောင်း စိုက်ပျိုးဦးစီးဌာနမှ သိရသည်။ ငရုတ်စိုက်တောင်သူ အမျိုးသမီးတစ်ဦးက ဒီနှစ်မှာ ကျွန်မတို့ ငရုတ်အစိုက နှစ်ခါဆွတ်ရောင်းပြီးပြီ။ တစ်ခါဆွတ်ရင် အချိန်တစ်ရာလောက်ရတယ်။ ပထမအသုတ်က တစ်ပိဿာ ၆၅၀ (ကျပ်) နဲ့ ဈေးအရ နည်းတယ်။ နောက်တစ်ခါဆွတ်တော့ တစ်ပိဿာ ၁၀၀၀ ကျပ်နဲ့ဈေးတက်ရောင်းရတယ်ဟုပြောသည်။ မိုးထောင်ငရုတ်စိုသည် ဆွတ်ခူးပြီး မြေသြဇာကျွေး ရေလောင်းပေးပါက အသီးထွက်နှုန်း ဆက်လက်ကောင်းမွန်ပြီး တစ်ရာသီတွင်

၁၀ ကြိမ်အထိ ခူးဆွတ်ရနိုင်ကြောင်းသိရသည်။ ငရုတ်တစ်ပင်လျှင် အသီးတစ်ပိဿာခွဲအထိရရှိပြီး ဧကဝက်ခန့် စိုက်ပျိုးထားပါက ပိဿာ ၉၀၀ ကျော် ရရှိနိုင်ကြောင်းနှင့် ငရုတ်သီးအစိုအား အမှည့်ဖြစ်သည်ထိထားပါက တစ်ပင်လျှင် တစ်ပိဿာအထိ ရရှိကြောင်းသိရသည်။

၂၀၁၈ ခုနှစ်က ငရုတ်သီးခြောက်တစ်ပိဿာလျှင် ၃၅၀၀ ကျပ်မှ ၅၀၀၀ ကျပ်အထိသာ ရှိခဲ့သော်လည်း ယခုနှစ်တွင် မိုးထောင်ငရုတ်ခြောက် တစ်ပိဿာလျှင် ၅၅၀၀ ကျပ်နှင့် ငရုတ်အပွ(အမှည့်) တစ်ပိဿာ ၆၀၀၀ ကျပ်အထိရရှိကြောင်း သိရသည်။ ငရုတ်စိုက်တောင်သူတွေက ရောင်းတာက အစိမ်း၊ မှည့်စို၊ အခြောက်ဆိုပြီး သုံးမျိုးရှိတယ်။ ငရုတ်ဈေးက တက်လိုက် ၊ပျောက်သွားလိုက်၊ကျသွားလိုက်ဖြစ်နေတယ်ဟု မင်းဘူးမြို့မှ ငရုတ်နှင့်မျိုးစေ့မျိုးစုံ အရောင်းအဝယ်ပြုလုပ်သည့် ဦးဇော်နိုင်က ပြောသည်။ ယခုနှစ်တွင် ငရုတ်သီးများကို မလေးရှား ၊ တရုတ်နှင့်ထိုင်းနိုင်ငံတို့မှ တိုက်ရိုက်အဝယ်ရှိလာခြင်းကြောင့် လက်ရှိ ငရုတ်သီး အစိုဈေးများ မြင့်တက်လာခြင်းဖြစ်ကြောင်း ငရုတ်ပွဲရုံများမှသိရသည်။ ငရုတ်မျိုးစေ့တစ်ထုပ်လျှင် ၅၄၀၀ ကျပ် ပေးဝယ်ရကာ တစ်ဧကေါ်ထုပ်နှုန်းဖြင့် ပျိုးထောင်စိုက်ပျိုးကာ ငရုတ်ပျိုးထောင်ချိန်အတွင်း ထွန်ယက်၊ အမှိုက်ရှင်းပြီး ထွန်ရေး ညက်အောင်ပြင်ဆင်ရသဖြင့် တစ်ဧကလျှင် နှစ်သိန်းခွဲကျော်အထိ ရင်းနှီးစိုက်ပျိုးရသည်ဟုလည်းသိရသည်။

**Source: The Farmer Journal**

https://www.facebook.com/myanmaawba/?ref=page_internal

## ဆန်စပါးတိုက်ရိုက် Export လုပ်ကိုင်နိုင်ရန် အများပိုင်ကုမ္ပဏီဖွဲ့စည်းမည်

ဆန်စက်ပိုင်များ တိုက်ရိုက် Export လုပ်ကိုင်နိုင်ရန်အတွက် မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်းမှ အများပိုင် ကုမ္ပဏီ ဖွဲ့စည်းတည်ထောင်သွားမည်ဖြစ်ကြောင်း အသင်း၏ဥက္ကဋ္ဌ ဦးကျော်ဝင်းကပြောသည်။ မဖြစ်မနေလုပ်ရမယ့် အခြေအနေ ရောက်နေပြီ။ လက်ရှိ ဆန်စက်ပိုင်တွေဟာ တိုက်ရိုက် export မလုပ်နိုင်ပါဘူး။ export လုပ်နိုင်အောင် ဖန်တီး ပေးရမှာဖြစ်ပါတယ်။ အများပိုင် ဖွဲ့ရခြင်း ရည်ရွယ်ချက်က ကျွန်တော်တို့ ဆန်စက်သမားတွေက ဟိုတစ်စု၊ ဒီတစ်စုနဲ့ ရောင်းဝယ်တဲ့နေရာမှာ စုစုစည်းစည်းမရှိဘူး။ buyer က အများကြီး ဝယ်ချင်ရင် ဝယ်လို့မရဘူး။ ဈေးက သူတစ်မျိုး ငါတစ်မျိုး ဖြစ်နေတယ်။ နိုင်ငံတကာက ဆန်စပါးနဲ့ပတ်သက်ပြီး လာရင်းနှီးမြှုပ်နှံမယ့်သူတွေ အများကြီးရှိပါတယ်။ ပြည်တွင်း ဆန်စပါးကဏ္ဍတွင် လာရောက်ရင်းနှီးမြှုပ်နှံနေကြသည့် နိုင်ငံခြားကုမ္ပဏီများကို ယှဉ်ပြိုင်နိုင်စွမ်းရှိလာစေရန်အတွက် ရည်ရွယ်ပြီး အများပိုင်ကုမ္ပဏီတစ်ခု ဖွဲ့စည်းရန် ပြင်ဆင်နေခြင်းဖြစ်ကြောင်းသိရသည်။ ယခင်က ဖွဲ့စည်းထားသည့် မြန်မာနိုင်ငံ ဆန်စက်အသင်း ကုမ္ပဏီလီမိတက်ကို အများပိုင်ကုမ္ပဏီအဖြစ် ပြောင်းလဲဖွဲ့စည်းခြင်းဖြစ်ပြီး အများပိုင်ကုမ္ပဏီကို အသင်းသူ၊ အသင်းသားများ၏ သဘောဆန္ဒခံယူ၍ တည်ထောင်ခြင်းလုပ်ငန်းများ ဆောင်ရွက် သွားမည်ဟုဆိုသည်။

အဆိုပါ အများပိုင်ကုမ္ပဏီအနေဖြင့် ဆန်စပါးဆိုင်ရာ လုပ်ငန်းများကို အဓိကလုပ်ဆောင်သွားမည်ဖြစ်ပြီး လက်ရှိတွင် မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၏ အသင်းဝင်များကိုသာ အစုရှယ်ယာရှင်အဖြစ်ပါဝင်နိုင်ရန် ဖိတ်ခေါ် ဆောင်ရွက်သွားမည်ဖြစ်သည်။ အဓိကလုပ်ဆောင်မှာက ဆန်စပါးပါပဲ။ တချို့စက်ပိုင်တွေက export မလုပ်တတ်ဘူး။ နားလည်းသိပ်မလည်၊ ဈေးကွက်လည်းမရှိဘူး။ ကျွန်တော်တို့က အများပိုင်ကုမ္ပဏီအနေနဲ့ ဗဟိုကနေဈေးကွက်တွေ ရှာပေးမယ်။ နိုင်ငံတကာက buyer တွေ များလာတယ်ဆိုရင်ရှိတဲ့ အများပိုင်ကုမ္ပဏီ ပိုက်ဆံမလောက်ရင် ရှယ်ယာတွေ ခေါ်ပြီး ဆက်လက်လုပ်ဆောင်သွားမှာပါဟု ဦးကျော်ဝင်းကပြောသည်။ အများပိုင်ကုမ္ပဏီအဖြစ် ဖွဲ့စည်းရာတွင် ပြင်ပ ရှယ်ယာရှင်ခေါ်ယူမှုကို ပြုလုပ်သွားမည်မဟုတ်ဘဲ အသင်းဝင် ဆန်စက်လုပ်ငန်းရှင်များဖြင့်သာ ဖွဲ့စည်းသွားမည်ဖြစ်သည်။ လက်ရှိမှာတော့ အပြင်ရှယ်ယာတော့ မရောင်းသေးပါဘူး။ ဆန်စက်သမားတွေ အားလုံးအတွက်စဉ်းစားပြီးလုပ်ပါတယ်။ ဆန်စက်ပိုင်ရှင်များ အသင်းသားတွေအားလုံး ပါဝင်ချင်ရင် ရပါတယ်။ ဆန်စက်တစ်စက်ကို တစ်စုတစ်သိန်းနဲ့ အစု ၅၀၊ သိန်း ၅၀ လောက်ပါပဲဟု ၎င်းကဆိုသည်။ ယင်းကဲ့သို့ အများပိုင်ကုမ္ပဏီဖွဲ့စည်းခြင်းဖြင့် ဆန်စပါးလုပ်ငန်းရှင်များအနေနှင့် ကမ္ဘာ့ ဈေးနှုန်း၊ မြန်မာဈေးနှုန်းများကို အလွယ်တကူသိရှိနိုင်မည်ဖြစ်ပြီး၊ ပြည်တွင်းက ဆန်စက်လုပ်ငန်းရှင်များ အနေဖြင့်လည်း ဈေးကွက်အတွင်း အချိတ်အဆက် မိမိဖြင့်စနစ်တကျရောင်းဝယ်ဖောက်ကားနိုင်မည်ဖြစ်သည်။

အဆိုပါအများပိုင်ကုမ္ပဏီမှ နယ်စက်ပိုင်များအတွက် ဈေးကွက်ရှာပေးခြင်း ချိတ်ဆက်ပေးခြင်းများကို ပြုလုပ်ပေးသွားမည် ဖြစ်ကြောင်းသိရသည်။ လက်ရှိ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်းတွင် အသင်းသားတစ်သောင်းကျော်ရှိပြီး၊ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆန်စက်အလုံးရေ အကြီး၊ အသေး စုစုပေါင်း သုံးသောင်းကျော်ရှိကြောင်းသိရသည်။

**Source:** https://www.facebook.com/fifthwavenews/posts/521867368543992?__xts__ %5 B0 %5D=68.ARDL327HZ

## မြန်မာ့လျှော်ဖြူဈေးနှုန်း တည်ငြိမ်နေ



ယခုလအတွင်း မြန်မာ့လျှော်ဖြူဈေးနှုန်းမှာ တည်ငြိမ်နေကြောင်း မြန်မာနိုင်ငံ လျှော်ဖြူစိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းမှ သိရပါတယ်။ လျှော်ဖြူဈေးနှုန်းများမှာ ကျဆင်းလာခဲ့ရာ အခုလအတွင်း ပြန်လည်တည်ငြိမ်နေပြီး အရောင်းအဝယ်ပုံမှန်ရှိနေတယ်လို့ မြန်မာနိုင်ငံလျှော်ဖြူစိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းမှ အတွင်းရေးမှူး ဦးဟိန်းထက်ကပြောပါတယ်။ လျှော်ဖြူဈေးနှုန်းက အရင်နှစ်တွေထက် ဈေးနှုန်းကတော့ပိုရတယ်။ အဲဒါဖွင့်စအချိန်ကပေါ့။ ဈေးနှုန်းကလည်း ကြားကပွဲစားတွေက ကစားနေတာနဲ့ မတည်ငြိမ်မှုလေးတွေတော့ရှိတယ်။ ဒါပေမယ့် ခုချိန်ကတော့ ဈေးနှုန်းကတည်ငြိမ်နေတယ်။

လျှော်ဖြူဈေးနှုန်းများမှာ ဖွင့်ခါစ ထိပ်စတစ်ပိဿာကို ၆၀၀၀၀ ကျပ်ရရှိခဲ့သော်လည်း အခုလက်ရှိအချိန်မှာ ၃၀၀၀၀ ကျပ်ဝန်းကျင်သာရရှိနေပြီး ဈေးနှုန်းတည်ငြိမ်နေတာဖြစ်ကြောင်း အဆိုပါအသင်းမှသိရပါတယ်။ လျှော်ဖြူကို တရုတ်နဲ့အဓိကထား တင်ပို့နေတာဖြစ်ပြီး အခြားပြည်ပနိုင်ငံဈေးကွက်များမှလည်း လာရောက်ကမ်းလှမ်းမှုများရှိကြောင်း သိရပါတယ်။ မြန်မာ့လျှော်ဖြူကို မန္တလေးတိုင်းဒေသကြီးနဲ့ စစ်ကိုင်းတိုင်းဒေသကြီးတို့မှာ အများဆုံးစိုက်ပျိုးထားကြောင်း မြန်မာနိုင်ငံလျှော်ဖြူစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ သိရပါတယ်။

**Source:** https://greenwaymyanmar.com/posts/just_stable_of_wild_almond_tree_price

## ၂၀၅၀ ခုနှစ်တွင် ငှက်ပျောသီးများ လုံးဝပျောက်ကွယ်သွားနိုင်



လက်ရှိသဘာဝရာသီဥတုပြောင်းလဲမှုမဂ္ဂဇင်းမှ ပြန်လည်မျှဝေထားသော ဆောင်းပါးရေးသားချက်တွင် အင်္ဂလန်နိုင်ငံ Exeter တက္ကသိုလ်သုတေသီမှပြုလုပ်သော သုတေသနပြုချက်တစ်ရပ်အရ တစ်ကမ္ဘာလုံးပူနွေးလာခြင်းကြောင့် ၂၀၅၀ ခုနှစ်တွင် ငှက်ပျောသီးမှာ လုံးဝပျောက်ကွယ်သွားနိုင်မည်ဖြစ်ကြောင်း သိရပါသည်။ လက်ရှိနိုင်ငံ (၁၀) နိုင်ငံရှိ ငှက်ပျောသီးထုတ်လုပ်မှုပမာဏမှာ နှစ်စဉ်လျော့နည်းလာလျက်ရှိပြီး အိန္ဒိယနှင့်ဘရာဇီးနိုင်ငံမှာမူ ငှက်ပျောသီးပြင်းထန်စွာ ချို့တဲ့နိုင်မည့်အခြေအနေများ ထွက်ပေါ်လာနိုင်မည်ဖြစ်ကြောင်း သိရပါသည်။


အချို့သောပြည်သူများ၏ ပြောပြချက်အရ တစ်ကမ္ဘာလုံးပူနွေးလာပြီး အပူပိုင်းဒေသငှက်ပျောသီးထွက်ရှိမှုပမာဏမှာ လျော့နည်းလာနိုင်မည်ဖြစ်သည်။ အနွေးပိုင်းဒေသမှာ ငှက်ပျောသီးစိုက်ပျိုးရန် အသင့်လျော်ဆုံးနေရာဖြစ်လာတော့မည်လား။ အာလူးမှာလူဦးရေမည်မျှခန့်ကိုအသက်ရှင်စေနိုင်ခဲ့သနည်း။ ဆိုနိုင်သည်မှာ အာလူးသည်နေရာဒေသအများအပြားအား အစာပျက်လပ်သောခေတ်မှ ကယ်တင်ပေးနိုင်ခဲ့ပါသည်။ ငှက်ပျောသီးမရှိလျှင် ပြဿနာမရှိသော်လည်း အာလူးပျောက်ကွယ်ပါက အသက်အန္တရာယ်ပင် ထိခိုက်စေနိုင်မည်ဖြစ်ကြောင်းသိရပါသည်။

**Source:** https://www.facebook.com/shweliayarnews/

## အပူချိန်မညီမျှ၊ အရည်အသွေးထိခိုက်၊ ဖရဲသီးဈေးထိုးကျနေ

ဖရဲသီးဈေးကွက်ကတော့ အပူချိန်မညီမျှလို့ အရည်အသွေး ထိခိုက်နေပြီး ဈေးတွေထိုးကျနေတယ်လို့ မူဆယ်မြို့ ခွာညိုသစ်သီးပွဲရုံက သိရပါတယ်။ မူဆယ်ခွာညိုသစ်သီးပွဲရုံက ဦးစိုင်းခင်မောင်က ဖရဲသီးတွေက ဝယ်လိုအားကျတာပေါ့၊ အဝေးအတင်မခံလို့၊ အခုလောလောဆယ် မိုးဖရဲဆိုတော့ သိပ်မကောင်းဘူး၊ အပူချိန်မညီမျှဘူး၊ အဲဒီလိုမျိုးဖြစ်နေတာ၊ အပူချိန်မညီမျှတော့ သိပ်ပြီးတော့ မကောင်းဘူးလို့ပြောပါတယ်။ မြန်မာဖရဲအများစုက အရည်အသွေး အားနည်းနေချိန် ဈေးဆွဲချခံနေရတာဖြစ်ပါတယ်။ ရှမ်းပြည်ဖရဲတွေက အမှည့်ရည်မညီသလို ဗမာဖရဲတွေကလည်း အမှည့်လွန်ပြီး အတွင်းသားမှာ

ရေမစစ်တာတွေ၊ တစ်ခြမ်းမှည့်တစ် ခြမ်းစိမ်းဖြစ်ပြီး အရည်အသွေးအားနည်းချက်တွေ ရှိနေတယ်လို့ဆိုပါတယ်။ ဖရဲသီး ၈၅၅



ရှမ်းသီးတစ်တန်ကို အရင်တစ်ပတ်က ယွမ် ၁၈၀၀ ကနေ ယွမ် ၂၃၀၀ ကြားရှိပြီး သည်တစ်ပတ်မှာတော့ ယွမ် ၈၀၀ ကနေ ယွမ် ၁၄၀၀ ရှိပါတယ်။

ဗမာသီးတစ်တန်ကို အရင်တစ်ပတ်က ယွမ် ၁၃၀၀ ကနေ ယွမ် ၁၈၀၀ ကြားမှာရှိပါတယ်။ ဒီတစ်ပတ်မှာတော့ ယွမ် ၈၀၀ ကနေ ယွမ် ၁၂၀၀ ကြားမှာရှိပါတယ်။ ၈၅၅ စီးပြတ်ဆိုရင်တော့ ယွမ် ၅၀၀၀ ကနေ ယွမ် ၈၀၀၀၊ လုံးပေါင်း ၅၁၈ စီးပြတ်ကတော့ ယွမ် ၇၀၀၀ ကနေ ယွမ် ၁၃၀၀၀ ကြားရှိပြီး အဖြူသီး စီးပြတ်တွေဆိုရင် ယွမ် ၇၀၀၀ ကနေ ယွမ် ၁၄၀၀၀ ကြားမှာရှိပါတယ်။ ဦးစိုင်းခင်မောင်က ဈေးကထပ်ကျဦးမှာ အရည်အသွေး မထိန်းဘူးဆိုရင်၊ ဈေးကွက်က အခုအနေအထားက နည်းနည်းမှန်းရ ခက်တဲ့ အနေအထား ပေါ့၊ မှန်းလို့မရဘူးလို့ပြောပါတယ်။ ဖရဲသီးဈေးတွေ ထပ်မကျဖို့ က အရည်အသွေးကို စစ်တင်နိုင်မှ ဈေးငြိမ်မှာပါ။ အရည်အသွေးကို မထိန်းထားနိုင်ရင် ဈေးက ထပ်ကျနေမှာဖြစ်ပြီး ကျဈေးနဲ့ရက်ရှည်နေမှာဖြစ်ပါတယ်။ မိုးဖရဲဟာ အရည်အသွေး သိပ်မကောင်းလို့ ပြီးခဲ့တဲ့နှစ်ကလည်း ဈေးတွေကျခဲ့ပါတယ်။ ဒီနှစ်မှာလည်း အရည်အသွေးစစ် မတင်နိုင်တာကြောင့် ဈေးပိုကျနေတယ်လို့ သိရပါတယ်။

**Source:**https://www.kumudranews.com/news-35628?fbclid=IwAR3zLLFhk1lKhuSe_Hs9sa WrRYABzbb_EP3z74Hk-FZCc-wUyZB4qCf22tE

## ထိုင်းနိုင်ငံက လာမည့်နှစ်တွင် မြန်မာ့ပြောင်းများကို ဝယ်ယူရန်ကမ်းလှမ်းထား

ထိုင်းနိုင်ငံက လာမယ့်နှစ်တွင် မြန်မာ့ပြောင်း တန်ချိန် ခြောက်သိန်းခွဲကို ဝယ်ယူရန် ကမ်းလှမ်းထား ကြောင်း မြန်မာနိုင်ငံ ပြောင်းလုပ်ငန်းရှင်များအသင်းထံမှ သိရပါတယ်။ ၂၀၁၈ ခုနှစ်တွင် ထိုင်းနိုင်ငံသို့ ပြောင်း တန်ချိန် (၄၇၀၀၀၀) ကျော် တင်ပို့ခဲ့ပြီး လာမယ့်နှစ်တွင် ၎င်းတို့နိုင်ငံ၏ ပြောင်းလိုအပ်ချက် မြင့်တက်လာနိုင်တဲ့ အတွက် ပြောင်းတန်ချိန်ပမာဏ တိုးမြှင့် ကမ်းလှမ်း လာခြင်းဖြစ်ကြောင်း သိရပါတယ်။ လက်ရှိတွင် ထိုင်းနိုင်ငံသို့ မြဝတီ၊ မဲဆောက် နယ်စပ်လမ်းကြောင်းမှ တဆင့် ပြောင်းကို တရားဝင်တင်ပို့နေခြင်းဖြစ်သည်။ မြန်မာနိုင်ငံသည် ပြောင်းကို တရုတ်၊ ထိုင်းနှင့်



လာအိုနိုင်ငံများသို့ ပုံမှန်တင်ပို့ နေပေမယ့်လည်း တရုတ်နိုင်ငံ၏ တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်ကြောင့် တရုတ်သို့တင်ပို့မှုရပ်နားခဲ့ရပြီး ယခုအခါ ပြည်တွင်းပြောင်းတင်ပို့မှုမှာ ထိုင်းနိုင်ငံကို အဓိကမှီခိုလာရခြင်းဖြစ်ပါတယ်။

လက်ရှိ တရုတ်သို့ ပြောင်းတရားဝင် တင်ပို့ခွင့်ရရှိရေးအတွက် တရုတ်နိုင်ငံ၏ မူဝါဒလုပ်ထုံးလုပ်နည်းများနဲ့အညီ ညှိနှိုင်း ထားပြီးဖြစ်တာကြောင့် မကြာမီ နှစ်ဖက်သဘောတူစာချုပ် ချုပ်ဆိုနိုင်မှာဖြစ်သလို ကိုရီးယားနိုင်ငံသို့လည်း ပြောင်းတင်ပို့ နိုင်ရေးအတွက် ဆွေးနွေးနေကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှသိရပါတယ်။ တရုတ်နိုင်ငံသို့ လက်ရှိတွင် ပြောင်းအပါအဝင် ဆန်၊ သကြားတို့မှာ ခွဲတမ်းဖြင့် တင်ပို့နေရခြင်းဖြစ်ပြီး ၎င်းပမာဏထက် ပိုမိုတင်ပို့လာနိုင်ရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ညှိနှိုင်းဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်းသိရပါတယ်။

**Source: The Farmer Myanmar**

https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/2433-myanma-corn.html

**Inflation reaches 8 percent**

Myanmar's inflation levels reached 8.53 percent in August, up from 6.94 percent at the beginning of the year, according to Myanmar's Central Statistical Organization. According to official figures, the average inflation rate for the previous fiscal year was only 4.81 percent. The World Bank forecast inflation to continue to rise at one of the highest rates in Southeast Asia. Experts inter-viewed by the Myanmar Times blamed higher commodities prices on the inflation spike, especially for electricity. Other products with rising prices include oil, meat and fish. Rice, too, was unusually expensive this year due to destructive monsoon flooding in Myanmar's prime growing areas. Finally, ongoing fighting in Shan State has affected border trade with China, further driving prices higher on imported goods.

Depreciation of the Myanmar Kyat has risen throughout 2018 and 2019, with the currency currently hovering around 1500 to 1550 MMK to one USD. However the recent rise in electricity tariffs may be the latest, and greatest, cause of the inflation. In July, the price of power more than doubled for many households, which has indirectly driven up the price of many goods and services. Experts and media generally praised the tariff hike, which could save the government up to USD 500 million per year in power subsidies.

The National League for Democracy (NLD) government has defended the new electricity prices despite their impact on the economy. Speaking to the Myanmar Times, U Aung Ko Ko, an economic adviser for the NLD, said: "The fact that the electricity rates were increased is much better for the country compared to providing the electricity at a loss…We need to look at the long-term benefits although there can be certain challenges such as high inflation in the short term. We would see even better results if business owners don't take advantage of the situation by in-creasing product prices."

**Myanmar economy may expand as high as 7.1%**

Myanmar's economy has been growing and will continue to grow, says a report by the ASEAN+3 Macroeconomic Research Office (AMRO). The economy expanded by 6.8 percent in the 2018-2019 fiscal year, the report said, up from 6.5 percent in the previous year. That number could increase to 7.1 percent as Myanmar experiences "improving business sentiments, strong growth in garment and other manufacturing products, an expansion of tourism-related services, and stronger fiscal spending," the report

TIR

reads.

Nevertheless, AMRO's forecast is somewhat more optimistic than other economic authorities, the Myanmar Times pointed out. The International Monetary Fund, for example, predicted only 6.6 percent growth in 2019-2020. Even AMRO, despite its overall optimism, highlighted a number of risks to Myanmar's economic development. "The protracted ethnic tensions in Rakhine State are expected to continue to have a dampening effect on investor sentiment, in particular, of western investors. The banking system remains weak and is still transitioning to a more stringent banking regulatory framework under Basel II," according to a summary of the report on the AMRO web site.

Indeed, the ongoing human rights crisis on Myanmar's western border recently led the United Nations to call for a boycott of Myanmar's myriad military-linked businesses. Soon after, renewed fighting in the north stalled border trade with China. Worse still, recent rumors of an unpaid debt crisis drove many people to empty their bank ac-counts and invest in gold and other assets.

Nevertheless, this year Myanmar's economic successes seem to have outweighed the setbacks. These include heavy investments in infrastructure, continued development of special economic zones and foreign investment in manufacturing. 2019 has also seen significant policy reforms, such as a long-overdue increase in electricity prices and a de facto tax amnesty for previously undeclared assets.

**Starbucks postpones Myanmar entry**

Starbucks's long-anticipated entry into the Myanmar market has been postponed once again. The coffee giant announced that it has extended its investment preparation period as it reconsiders opening its first cafes in the country.

Starbucks has been plotting a Myanmar entry since 2013, and in 2018, the company (operating under the name "Coffee Concept Myanmar Company") was granted Myanmar Investment Commission approval to open 20 locations with a USD 6 million investment. But the fate of the enterprise has yet to be decided, said U Thant Sin, Director General of the Directorate of Investment and Company Administration. "They have extended their preparation period because they are weighing the decision to enter Myanmar. If they decide not to invest in Myanmar, they will be required to return the investment permit," Myanmar Business Today quoted him as saying.

Several major food and beverage brands have courted Myanmar since the lifting of economic sanctions.


TIR

Coca Cola and KFC were early success stories, quickly becoming staples in Yangon, Mandalay and Nay Pyi Taw. Pizza Hut and Krispy Kreme soon followed. In coffee and tea, Australian coffee chain Gloria Jeans has established itself in Yangon, along with Taiwanese bubble tea chain Tealand. However, recent alleged human rights abuses have caused many international brands to shy away from the country. Indeed, many analysts suspect Myanmar's damaged reputation to be behind Starbucks's hesitation. If the company does abandon its investment plans, it won't be the first: Major companies such as insurer Samsung Life and London firm Bryan Cave Leighton have abandoned the Myanmar market, and this month London-listed Myanmar Investments International announced that it will follow suit.

Starbucks currently has more than 30,000 locations worldwide. China has the highest number outside the United States with 3600 stores, and Myanmar neighbor Thailand has 264 locations.

**KBZ app sees USD 1.8 million in transfers**

KBZPay, the new digital payment platform from Kanbawza Bank (KBZ), is off to a strong start with over USD 1.8 mil-lion in transfers, the company said. The app-based service, which launched in October 2018, allows people to hold funds and make instant transfers to other users. To cash out, the app generates a security code that allows users to withdraw funds at any KBZ ATM machine. "In their first year, KBZPay has enabled free money transfers via Peer-2-Peer (P2P) transactions for 1 in 10 Myanmar adults," Myanmar Business Today quoted KBZ CEO Mike DeNoma as saying.

Since its launch, KBZPay has drawn more than 3.5 million users and more than 230,000 partner merchants, accord-ing to a report by Myanmar Business Today. The service's success is not limited to Myanmar's major cities. KBZ claims one in three KBZPay users are from outside Yangon, Mandalay and Shan State.

The success of KBZPay comes amid an awkward stage for Myanmar's "fin-tech" industry. Digital platform Red Dot, much celebrated when it entered Yangon in 2015, shut down early this year. KBZ isn't the only Myanmar bank push-ing a new e-wallet service. Yoma Bank's SMART and CB Bank's iBanking platforms are also vying for users. Which of these platforms will emerge as clear, legitimate leaders, akin to foreign giants like Venmo and PayPal, remains to be seen.

**Sources: Thura Swiss News (Issue 388 October 24, 2019)**

TIR

# STOCK EXCHANGE (25.10.2019)

YANGON
STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

## Stock trading data

As of 25th Oct. 2019

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 12,000 | +0 | +0.00% | 11,500 | 12,000 | 11,500 | 236 | 2,727,000 | 27,112,747 | 325,353 |
| MTSH | 00002 | 3,950 | +0 | +0.00% | 4,000 | 4,000 | 3,950 | 9,658 | 38,246,100 | 38,929,150 | 153,770 |
| MCB | 00003 | 8,400 | +0 | +0.00% | 8,400 | 8,400 | 8,400 | 4 | 33,600 | 10,400,986 | 87,368 |
| FPB | 00004 | 23,000 | -500 | -2.13% | 23,000 | 23,000 | 23,000 | 307 | 7,061,000 | 2,472,053 | 56,857 |
| TMH | 00005 | 2,950 | +0 | +0.00% | 2,950 | 2,950 | 2,950 | 0 | 0 | 12,823,224 | 37,829 |

## Market summary

As of 25th Oct. 2019

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 482.85 | -0.90 | -0.19% | 475.28 | 482.85 | 472.95 | 10,205 | 48,067,700 | 5 | 661,177 |

### Index chart




## Market Overview

As of 1:00 pm, 25th Oct. 2019

| MYANPIX | 482.85 ▼ 0.90 |
|---|---|
| Total Volume (shares) | 10,205 |
| Total Value (MMK) | 48 mil |
| Listed Company | 5 |
| Market Cap. (MMK) | 661,177 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 12,000 | ▲ 0 |
| MTSH | 00002 | 3,950 | ▲ 0 |
| MCB | 00003 | 8,400 | ▲ 0 |
| FPB | 00004 | 23,000 | ▼ 500 |
| TMH | 00005 | 2,950 | ▲ 0 |